**လတ်တလော အာဟာရချို့တဲ့သော ကလေးကို လက်ခံရရှိပါက အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရပါမည်**

၁။ ကလေးသည် အလွန်အမင်း နေမကောင်းဖြစ်နေပါက ၁၀% သကြားရည် (ရေ ၁၀၀-မီလီမီတာတွင် သကြား ၁၀-ဂရမ် ထည့်ဖျော်ထားသည့် သကြားရည် သို့မဟုတ် သကြား လက်ဘက်ရည်ဇွန်း 5-ml ၁-ဇွန်း ကို ရေ စားပွဲတင်ဇွန်း 15-ml ၃ - ၅ ဇွန်းနှင့် ဖျော်ပါ) တိုက်ကျွေးပါ။

၂။ MUAC ကို ထပ်မံ တိုင်းတာ အတည်ပြုပါ။

၃။ Bilateral Pitting Oedema ရှိ/မရှိ စစ်ဆေးပြီး ဖောရောင်မှု အဆင့်ကို မှတ်သားပါ။ ကိုယ်အပူချိန်နှင့် နာမကျန်းဖြစ်မှု လက္ခဏာများကို စစ်ဆေးပါ။

၄။ ကျန်းမာရေးဌာနတွင် စစ်ဆေးခြင်းဖြစ်ပါက ကိုယ်အလေးချိန် ချိန်ပါ၊ အရပ်တိုင်းပါ။ MUAC ၊ ဖောရောင်မှု၊ WFH Z-Score တို့ကို အခြေခံ၍ လတ်တလော အာဟာရချို့တဲ့မှုကို ခံစားနေရခြင်း ရှိ/မရှိကို အတည်ပြုပါ။

၅။ လတ်တလော အာဟာရ ချို့တဲ့နေသော ကလေးတိုင်းအား နောက်ဆက်တွဲ ပြဿနာများကို ခံစားနေရခြင်း ရှိ/မရှိ စောစီးစွာ သိနိုင်ရန်အတွက် အစာစားလိုစိတ် ရှိ/မရှိကို စစ်ဆေးပါ။ (Appetite Test)

၆။ အတွင်းလူနာအဖြစ် အစာကျွေး၍ ကုသမှုပေးသည့် အစီအစဉ်သို့ လွှဲပြောင်းရန်လိုအပ်သည့် အောက်ပါ အခြေအနေများကို ရှာဖွေ စစ်ဆေးပါ။ ထိုအခြေအနေများအနက်မှ အနည်းဆုံး ၁-ခု ရှိသည်နှင့် ဆေးရုံသို့ လွှဲပြောင်းရပါမည်။

(က) အစာစားလိုစိတ်စစ်ဆေးမှု ကျရှုံးခြင်း

(ခ) Danger signs ၁၀-ခုအနက်မှ အနည်းဆုံး ၁-ခု ရှိနေခြင်း

1. Hypoglycaemia
2. Hypothermia
3. Hyperthermia
4. Fast breathing
5. Severe Anaemia
6. Vitamin A Deficiency
7. Dehydration
8. Shock
9. Convulsion & Coma
10. Skin lesion (Kwashiorkor Dermatosis)

(ဂ) ရောဂါတစ်ခုခုကို အပြင်းအထန် ခံစားနေရခြင်း

(ဃ) ဖောရောင်ခြင်း အဆင့် (+++)

၇။ တွေ့ရှိချက်များ (ခန္ဓာကိုယ် တိုင်းတာမှုများ၊ အစာစားလိုစိတ်နှင့် နောက်ဆက်တွဲ ရောဂါများ) ကို လေ့လာဆန်းစစ်ကာ ရောဂါပြင်းထန်မှုအဆင့် သတ်မှတ်ခြင်းကို ပြုလုပ်ပါ။ သက်ဆိုင်ရာ ကုသမှု အစီအစဉ်သို့ လွှဲပို့ပါ။

| အာဟာရ ချို့တဲ့ခြင်း ပြင်းထန်မှု အဆင့် | MUAC | WFH Z-Score | ဖောရောင်ခြင်း အဆင့် | အစာစားလိုစိတ် စစ်ဆေးခြင်း | နောက်ဆက်တွဲ ပြဿနာများ | ကုသမှု အစီအစဉ် |
|---|---|---|---|---|---|---|
| SAM with Complications | < ၁၁၅ မီလီမီတာ | <-3 Z-Score | +++ | ကျရှုံး | ရှိ | ITP |
| SAM without Complications | < ၁၁၅ မီလီမီတာ | <-3 Z-Score | +/++ | အောင်မြင် | မရှိ | OTP |
| MAM | ≥ ၁၁၅ မီလီလီတာ နှင့် <၁၂၅မီလီလီတာ | ≥ -3 Z-Score & < -2 Z-Score | 0 | မပြုလုပ်ပါ | မရှိ | SFP |
| No Malnutrition | ≥ ၁၂၅ မီလီလီတာ | ≥ -2 Z-Score | 0 | မပြုလုပ်ပါ | မရှိ | Next month Screening |